# WHERE AM I IN PLANNING NOW
# စီမံကိန်းရေးဆွဲခြင်းတွင်ယခုမည်သည့်နေရာ၌ကျွန်ုပ်ရှိနေသနည်း

ရည်ရွယ်ချက်များ

၁။ စီမံကိန်းရေးဆွဲခြင်းအကြောင်းကိုမိတ်ဆက်ပေးရန်

၂။ လူများသည်ဘာကြောင့်စီမံကိန်းရေးဆွဲသင့်ကြောင်းနှင့်အဘယ်ကြောင့်စီမံကိန်းမရေးဆွဲကြသည်ကိုသိရှိရန်

၃။ လူများသည်မိမိတို့၏အားသာချက်၊အားနည်းချက်များ၊အခွင့်အလမ်းများကိုစဉ်းစားတတ်စေရန်နှင့်ထိုအထဲမှအရေးကြီးဆုံးအချက်သုံးချက်ကိုစီမံကိန်းရေးဆွဲခြင်း၌အသုံးပြုတတ်စေရန်

သင်တန်းပေးသူအတွက်ကြိုတင်သုံးသတ်ချက်။ ။ဤသင်ခန်းစာသည်မိမိတို့ရည်မှန်းချက်များမည်ကဲ့သို့ချမှတ်မည်ကိုပဌမသင်တန်းချိန်တွင်သင်ကြားပြီး၊တဆင့်ပြီးတဆင့်စီမံကိန်းရေးဆွဲခြင်းကို ဒုတိယသင်တန်းချိန်တွင်သင်ကြားရမည့်သင်တန်းချိန်နှစ်ခုအနက်ပဌမသင်တန်းချိန်ဖြစ်သည်။

| နည်းလမ်း | အချိန် | သုတပညာ |
|---|---|---|
| သရုပ်ပြခန်း | ၁၀မိနစ် | |

**စီမံကိန်းရေးဆွဲခြင်းအကြောင်းလူနှစ်ဦးစကားပြော**
နေသည်။

ပဌမလူ။ ။အနာဂါတ်အတွက်စီမံကိန်းရေးဆွဲရမယ်ဆိုတာကိုကျုပ်တော့အယုံအကြည်မရှိပါဘူးဗျာ။

ဒုတိယလူ။ ။ဒါပေမဲ့သမ္မာကျမ်းစာကတော့ကျနော်တို့စီမံကိန်းရေးဆွဲသင့်တယ်လို့ဆိုထားပါတယ်။

ပဌမလူ။ ။ကျုပ်ကိုပြစမ်းပါအုံး–ကျုပ်တော့မယုံပါဘူးဗျာ။

ဒုတိယလူ။ ။အိုး–ကျမ်းစာမှာသေသေချာချာပြောထားတာကျွန်တော်သိတယ်၊ ဒါပေမဲ့ဘယ်အပိုက်မှာလဲဆိုတာတော့ကျနော်အခုမပြောနိုင်ဘူးဗျာ။

ပဌမလူ။ ။ဘယ်လိုဘဲဖြစ်ဖြစ်အရေးမကြီးပါဘူးဗျာ၊ကျုပ်တို့ဝိညာဉ်တော်လမ်းပြတဲ့အတိုင်းလိုက်ရင်ပြီးတာဘဲ၊သူညွှန်ပြပစေပေါ့ဗျာ။

၁။လူများသည်အဘယ်ကြောင့်စီမံကိန်းရေးဆွဲသင့်သနည်း
ခရစ်ယာန်တဦးသည်စီမံကိန်းရေးဆွဲသင့်ကြောင်းသမ္မာကျမ်းစာ၌ဖေါ်ပြထားသောကျမ်းချက်များကိုကြည့်ပါ။
က။ ၁ကော ၁၄:၃၃

ခရစ်ယာန်များအဘယ်ကြောင့်စီမံကိန်းရေးဆွဲသင့်ကြသနည်း။

က။ ဘုရားသခင်သည်ရှုန်းရင်းခတ်သောအမှုကိုပြုတော်မမူ၊၁ကော၁၄:၃၃

| နည်းလမ်း | အချိန် | သုတပညာ |
| --- | --- | --- |
| ခ။ ရှင်လုကာ ၁၄း၂၈-၃၂ | | ခ။ သင်တို့တွင်တယောက်သောသူသည် တိုက်ကိုတည်မည်ဟုအကြံရှိလျှင်ထိုတိုက်ပြီးအောင်ငွေလောက်မည်၊မလောက်မည်ကိုသိခြင်းငှါရှေဦးစွာထိုင်၍ကုန်ကြစရိတ်ကိုမှုချင့်တွက်ဘဲနေမည်လော။ လုကာ၁၄း၂၈ |
| ဂ။ ၁ကော ၉း၂၄-၂၆ | | ဂ။ ဆုကိုရမည့်အကြောင်းပြေးကြလော့။ ၁ကော၉း၂၄ |
| ဃ။ ရောမ ၁၅း၁၈-၂၄ | | ဃ။ ထိုပြည်သို့သင်တို့ပို့ဆောင်ခြင်းကျေးဇူးကိုခံမည်ဟုမြော်လင့်၏။ ရောမ ၁၅း၂၄ |
| င ။ သုတ္တံ ၂၄း၃-၄ | | င။ ဉာဏ်ပညာအားဖြင့်အိမ်ကိုတည်ဆောက်၍ခိုင်ခံ့မြဲမြဲစေရ၏။ သုတ္တံ ၂၄း၃ |
| စ။ ယေရမိ ၂၉း၁၁ | | စ။ သင်တို့သည်မြော်လင့်သောအကျိုးကိုရမည်အကြောင်း၊ငြိမ်ဝပ်စေခြင်းငှါသာသင်တို့အဖို့ကြံစည်သောအကြံတို့ကိုငါသိ၏။ ယေရမိ ၂၉း၁၁ |
| ၂။ လူများသည်စီမံကိန်းမရေးဆွဲသောအကြောင်းရင်းများ။ အုပ်စုကြီးတွင်ဆွေးနွေးရန် | ၁၀မိနစ် | လူများဘာကြောင့်စီမံကိန်းရေးမရေးဆွဲသနည်း။<br>က။ အလုပ်ဖြစ်မည်ဟုမယုံကြည်<br>ခ။ တကယ်လိုအပ်သောအရာကိုမသိခြင်း<br>ဂ။ ရည်မှန်းချက်ပန်းတိုင်နှင့်အလိုဆန္ဒ၏ခြားနားခြင်းကိုနားမလည်<br>ဃ။ပြုလုပ်ရမည့်အရာများနှင့်ပြီးမြောက်မှုကိုရှင်းလင်းစွာနားမလည်ခြင်း<br>င။ အလျှင်ပြီးလိုသောအလုပ်ကိုသာလုပ်ကြသည်။အရေးကြီးဆုံးအလုပ်ကိုမလုပ်ကြ၊ကြိုတင်စီမံမှုမပြုကြ။<br>စ။ ရည်မှန်းချက်ပန်းတိုင်သည်လမ်းညွှန်မှုနှင့်ခွန်အားပေးခြင်းဖြစ်ကြောင်းနားမလည်။ အလုပ်ကိုသဘောမပေါက်။<br>ဆ။ လူအများသည်စွန့်စားရန်ကြောက်ကြသည်။သူတို့သည်စွန့်စားခြင်းကိုစီမံကိန်းရေးဆွဲခြင်းနှင့်ဆက်နွယ်ထားသည်။ |

Where Am I in Planning Now?

| နည်းလမ်း | အချိန် | သုတပညာ |
|---|---|---|
| | | ဇ။ လူများသည်ပြုပြင်ပြောင်းလဲရန်ဆိုးရွံ ကြသည်။ကြိုတင်စီမံကိန်းရေးဆွဲခြင်းသည်-ပြောင်းလဲရမည်ဟုနားလည်နေကြသည်.<br>ဈ။ လူများသည်နေ့စဉ်လုပ်ကိုင်ရသောလုပ်ငန်း ဒါဏ်ပိနေကြသည်။<br>ည။ ကြိုတင်စီမံကိန်းရေးဆွဲခြင်းသည်မိမိတို့၏လောလောဆယ်အကျိုးစီးပွားကိုထိခိုက်နိုင်သည်၊လက်တွေ့မကြဟုထင်သည် |
| ၃။ သူတို့၏စီမံကိန်းကိုစီစစ်တန်ဖိုးဖြတ်ခြင်း<br>စီမံကိန်းလုပ်ငန်းအရအုပ်စုဖွဲ့ပါ။(သို့)<br>စီမံကိန်းတခုကိုလူတဦးတည်းသာလုပ်လျှင်-<br>-မိမိတို့လေ့လာပြီးသောအတွေ့အကြုံအချက်အလက်များပေါ်မူတည်၍C.H.E အကျိုးဆောင်လုပ်ငန်းကိုသူတို့နယ်မြေ၏မည်သည့်နေရာတွင်စတင်မည်နည်း။ဘာအကြောင်းကြောင့်နည်း။<br>-C.H.E အကျိုးဆောင်လုပ်ငန်းစတင်ခဲ့ရာမည်သည့်အခြေအနေ-မည်သည့်လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီနည်း။<br>-တိုနယ်မြေတွင် C.H.E အကျိုးဆောင်လုပ်ငန်းစတင်ရန်ယခုမည်သည့်အရာအရေးတကြီးလိုအပ်ပါသနည်း။<br>-မတူညီ-ကွဲပြားသောအဖြေများဝေငှစေပါ။ | ၃၀မိနစ် | စီမံကိန်းကိုစီစစ်တန်ဖိုးဖြတ်ခြင်း |

ခံယူချက်သဘောထားများ။ ။ပါဝင်သူများသည်စီမံကိန်းရေးဆွဲခြင်းအကြောင်းအနည်းအကျဉ်းသိကြသော်လည်းရှင်းရှင်းသဘောမပေါက်ကြပါ။

ကျွမ်းကျင်မှု။ ။ယခုသူတို့မည်သည့်အခြေအနေတွင်ရှိ၍နောင်လေးနှစ်ကြာလျှင်မည်သည့်အခြေအနေတွင်ရှိခြင်းကြောင်းသိရန်လိုအပ်သည်။

တန်ဖိုးဖြတ်ခြင်း။ ။ကြိုတင်စီမံကိန်းရေးဆွဲခြင်းဖြင့်ယခုလက်ရှိအခြေအနေနှင့်နောင်လေးနှစ်ကြာဖြစ်မည့်အခြေအနေ၏ကွဲပြားခြားနားမှုကိုသိနိုင်မည်လား။(သက်သေပြနိုင်မလား)

ပစ္စည်းများ။ ။ မှတ်စုစာအုပ်
ဘောပင် ၊ တိပ်ပြား